



MARLARMYAING
Public Company Limited
ADVENTURES OF PYAR-NI
ပြာနီ၏စွန့်စားခန်းများ
အပိုင်း(၅)
MARLARMYAING 3.0
BRAIN JUICE



သွားချေး... အဲလေ သူကြီးဟေ့ !!
ဝေး...
သူကြီးကွ !!
ရေးးး
ဒီလိုနဲ့ ရွေးချယ်ပွဲကြီး အပြီးမှာတော့ ပြာနီနဲ့ စပါးတို့ နှုတ်ဆက်ကြပြီး
ပြာနီလေးလည်း ဆက်လက်လေ့လာဖို့ ထွက်ခွာလာခဲ့ပါတော့တယ်
ဒီလိုနဲ့ တစ်နေ့ရာအရောက်
ပြာနီ . . !
ပြာနီ !
ပြာနီရေ . . .
!
အခန်း(၄)မှအဆက်


ပြာနီ ... ကိုကြီးပြာနီရေ .. ခဏစောင့်ပါဦးဗျို့ !!
အယ်...
ဟောဟဲ .. ဟောဟဲ ဟိုးထား ဆရာသမားရေ.. ဟောဟဲ
ဖိုးနံ့လေး ... ဘယ်လိုဖြစ်လာ
ဘယ်လိုဖြစ်လာတာတုန်း ဖိုးနံ့လေး .. ရွာမှာတစ်ခုခုဖြစ်ပြန်ပြီလား ??
မဟုတ်ပါဘူး ကိုကြီးရယ်.. ဟောဟဲ... ရွာမှာအေးဆေး... ဟောဟဲ
ဟူး..ဒီလို ကိုကြီးပြာနီရေ.. ကျွန်တော်ကိုကြီးရဲ့ ခရီးစဉ်လေးကို လိုက်ပါ ပါရစေဗျာ အသိပညာဗဟုသုတတွေ အတွေ့အကြုံအသစ်တွေ ရချင်လို့ပါ
ဟင်း ဖိုးနံ့လေးက လိုက်ချင်သပ့်ဆိုတော့လည်း ကိုကြီးမတားတော့ပါဘူးကွာ အိုကေ ရယ်ဒီပဲလား ... ခရီးတူတူပြန်ဆက်ကြမယ်
တကယ်သေချာစဉ်းစား ဆုံးဖြတ်ပြီးမှ လိုက်လာတာပါဗျာ .. တကယ်ဗျာ


ပေါ် ဆန်းမမလေးတို့ဆီလည်း
လမ်းကြုံဝင်ချင်လိုက်တာဗျာ...
အဟီး
ကဲ .. နာခေါင်းကစလာပြီ
ဆွိ..
အုံးအွမ်.
ဝရော...
ရှလပ်...
ဆွိ.
အုံးအွမ်..
ရှပ်.
ကဲ...
ကြည့်ရတာ ရှေ့မှာ
ရွာလေးတစ်ခုကို
ဖြတ်ရမယ်ထင်တယ်
ဟုတ်မယ် ကိုကြီး
ရှပ်..
ဟာ ဒီနေရာတစ်ဝိုက်က
ဘယ်လိုတွေတောင်
အခြေအနေဆိုးဝါးနေရတာလဲ
ကျွန်တော်လည်း ဒီဘက်တွေ
တစ်ခါမှမရောက်ဖူးဘူး
တော်တော်ဆိုးဝါးနေတာပဲ


ဝေါ...
ကျွန်တော့်ဘောင်းဘီစိုလာသလိုပဲ ကိုကြီးပြာနီရေ...တစ်ခြားနေရာက ပတ်သွားရအောင်လေနော် ရေလည်ကြောက်နေပါပြီလို့... အဟင့်ဟင့်
ရှပ်..
မကြောက်ပါနဲ့ ဖိုးနံ့လေးရယ် ကိုကြီးတစ်ယောက်လုံးရှိတယ် ... ကိုကြီးအနားမှာပဲကပ်နေ
ချက်..!
ချက်..!
ဟင်...!!
အမယ်လေးဗျာ.. အမေရေလို့.. အဟင့်ဟင့်
ချလောက်
ဝှီ!
ရှီး..!


ပတ်ဝန်းကျင်စကန်ဖတ်ခြင်း စတင်မယ် !!
ဝီ..
ဝီ..
ပစ်မှတ်များ တွေ့ရှိ...
ဘာတွေလာနေတာလဲ ကိုကြီး ကျွန်တော်ဒူးတုန်နေပြီဗျာ အဟင့်...ဟင့်
ကဲ..ဖိုးနံ့လေး ကိုကြီးပေါ်တက်နေလိုက်တော့ လာကြပြီ
ဂရား..!
ဂါး..!
ဂိုး..!
သေချာကိုင်ထားနော် ကိုကြီး ဖိုက်တင်ပလေးတော့မယ် .. လာကြစမ်း
ကြည့်လုပ်ဦး ကိုကြီး ကြောက်စရာကြီးတွေ
ဘယ်လိုကပ်လာတာလဲ..ရှော့
ဖယ်စမ်း
ဖောင်း



ချပ်
အား..
ဘာကောင်ကြီးတွေလဲ
မေမေရေ..!!
ဘယ်လို
ကပ်မှာလဲ..ရေး!
ကိုကြီးရေ .. အဟင့်
သေချာကိုင်ထား
ဖိုးနံ့လေးရေ
အင်အားများလာပြီ
ဟောင်း!
ဖြန်း!
ဟုတ်
ဒီကအမြန်ဝေးရာကို ထွက်မှရတော့မယ်
နို့မို့ဆိုမဟန်ဘူး ဖိုးနံ့လေး... ယားး!!
ဟောင်!
ဖယ်ကြစမ်း !!
ဒီလိုနဲ့
ဟူးး
အမယ်လေးလေးနော်
ထမင်းဖြစ်တော့မလို့
ဘာကောင်တွေလဲမသိဘူး
ကိုကြီးပြာနီရယ် ကြည့်လိုက်ရင်
စပါးတွေလိုလိုဘာလိုလိုနဲ့
နောက်ပြီး ဘာအရည်တွေလည်းမသိဘူး
ကိုကြီးလက်မှာပေကျံနေပြီ
ဟာ..ဟုတ်ပြီ
စကန်ဖတ်ကြည့်ရမယ်
ဟော..တွေ့ပြီလေ
သူတို့တွေကစပါးတွေ
ဟုတ်တယ်
ပိုးကောင်တစ်မျိုးက
ခန္ဓာကိုယ်ထဲထိဝင်ပြီး
ထိန်းချုပ်နေတာပဲ
ခဏ..အဲ့ဒီပိုးတွေအကြောင်း
ရှာနေတယ်...

**စပါးဆစ်ပိုး (Rice Stem Borers)**

**• ဖျက်ဆီးပုံလက္ခဏာ**

- ဒုတိယအဆင့် ပိုးလောက်ကောင်သည် ရွက်ဖုံးကြားမှတဆင့် စပါးပင်စည်ကို ထိုးဖောက်ဝင်ရောက် ဖျက်ဆီးတတ်သည်။ စားသောက်ဖျက်ဆီးမှုကြောင့် စပါးပင်စည်ပုပ် (သို့မဟုတ်) အူပုပ်ဖြစ်သည့်လက္ခဏာ တွေ့ရမည်။
- အပင်ငယ်စဉ်ကျရောက်ပါက စပါးပင်စည်ပုပ် (သို့မဟုတ်) အူပုပ်လက္ခဏာတွေ့ရသော်လည်း ပင်ပွားများ ထွက်လာသဖြင့် အထွက်ဆုံးရှုံးမှု မရှိပါ။ ဆုံးရှုံးသွားသော အနံ့သို့ အပင်မှ ထောက်ပံ့မည့် အစာအာဟာရများသည် အခြားပင်ပွားများတွင် ရှိသော အနံ့များသို့ အစားထိုးထောက်ပံ့ခြင်းကြောင့်ဖြစ်ပါသည်။
- အနံ့ထွက်ချိန်ကျလျှင် အနံ့ဖြူသည့် လက္ခဏာကို စပါးခင်းတွင် ထင်ရှားစွာတွေ့ရလေ့ရှိသည်။ မြန်မာပြည်တွင် အဝါရောင်ဆစ်ပိုး အများဆုံးကျရောက်သည်။
- ကြံစိုက်ရာဒေသများတွင် ပန်းရောင်ဆစ်ပိုးကို ကြံနှင့် စပါးသီးနှံ နှစ်မျိုးလုံးတွင် တွေ့ရတတ်သည်။ အပင်ငယ်သည့်အဆင့်မှာ သားလောင်းသည် ပင်စည်အခြေမှ ထိုးဖောက်ဝင်ရောက်ပြီး အပင်ကြီးအဆင့်တွင် အပေါ်ဘက်အဆစ်မှ အပင်ခြေအထိ ထိုးဖောက်ဝင်ရောက်စားသောက်သည်။
- နိုက်ထရိုဂျင်ကျွေးတာများသည့် စိုက်ခင်းသည် ဆစ်ပိုးကျရောက်မှုကို ပိုမိုပြင်းထန်စေသည်။
- ပင်ပွားကြီးထွားမှုအဆင့်မှာ အူပုပ်ခြင်းနှင့် ပင်ပွားသေခြင်းကိုဖြစ်စေပြီး ပင်ပွားများကိုအခြေမှအလွယ်တကူ ဆွဲနှုတ်လို့ရနိုင်မည်။
- မျိုးပွားသည့်အဆင့်တွင် စပါးနံ့များဖြူလာပြီး အစေ့အဆံမအောင်ဖြစ်စေသည်။ ၎င်းကို အနံ့ဖြူသည်ဟုခေါ်ကြသည်။
- ပင်စည်နှင့် ပင်ပွားတွေပေါ်မှာ သေးငယ်သည့်အကောင်ဖောက်ရာ အပေါက်လေးတွေကို တွေ့မြင်ရမည်။
- ပိုးကောင်ကျရောက်သည့်ပင်စည်၏အထဲတွင် ပိုးချေးများ မြင်ရမည်ဖြစ်သည်။
- ပင်စည်ပုပ်လက္ခဏာနှင့် အနံ့ဖြူလက္ခဏာသည် ကြွက်၊ ဂျပိုးနက်တို့ကြောင့်ဖြစ်သည့် လက္ခဏာနှင့် ဆင်တူပြီး ရှုပ်ထွေးနိုင်သော်လည်း ပင်စည်ထိုးပိုးကျရောက်လျှင် ပင်ပိုင်းကြီးထွားမှုအဆင့်တွင် ပင်စည်ပုပ်လက္ခဏာဖြစ်လေ့ရှိပြီး မျိုးပွားသည့်အဆင့်တွင် အနံ့ဖြူလက္ခဏာဖြစ်လေ့ရှိသည်။
- ထို့ပြင် ဆစ်ပိုးကျရောက်တာသေချာစေရန် ပင်စည်ကိုခွဲကြည့်သောအခါ လောက်ကောင်များနှင့် ရုပ်ဖုံးတွေ့လျှင်လည်း ဆစ်ပိုးကျရောက်နေပြီမှန်း သိရှိနိုင်ပါသည်။


**• အဝါရောင်ဆစ်ပိုး**

အဝါရောင်ဆစ်ပိုးသည် အဆက်မပြတ်ရေလွှမ်းမိုးသည့် အခြေအနေရှိသည့်စပါးခင်းမှာ ကျရောက်ဖျက်စီးလေ့ရှိသည်။ ဒုတိယအဆင့်သားလောင်းသည် သူ၏ခန္ဓာကိုယ်ကို အရွက်ဖြင့် ပြွန်ပုံလိပ်ပြီး ရေမျက်နှာပြင်သို့ဆင်းကာ ပင်စည်ထဲသို့ ထိုးဖောက်ဝင်ရောက်သည်။ အဝါရောင်ဆစ်ပိုးသည် အစောပိုင်းစိုက်သည့်စပါးခင်းတွင် ၂၀ ရာခိုင်နှုန်းလောက်ထိ ပျက်စီးမှုဖြစ်နိုင်ပြီး နောက်ကျမှစိုက်သည့်စပါးခင်းတွင် ၈၀ရာခိုင်နှုန်းထိ အထွက်နှုန်းဆုံးရှုံးနိုင်ပါသည်။

**• ကာကွယ်နှိမ်နင်းနည်းများ**

- ဆစ်ပိုးဒဏ်ခံနိုင်ရည်ရှိသောမျိုးများကို ရွေးချယ်စိုက်ပျိုးပါ။
- ပျိုးပေါင်နှင့် ရွှေ့ပြောင်းစိုက်ပျိုးသည့်အချိန်တွင် ဆစ်ပိုးဥများတွေ့ပါက ကောက်ယူဖျက်ဆီးပါ။
- စပါးပင်ပေါ်ကဆစ်ပိုးဥများပေါက်နိုင်အောင် စပါးခင်းငယ်စဉ်မှာ ကွင်းကို နှစ်ရက်လောက်ရေလွှမ်းထားပေးရပါမည်။
- စပါးပျိုးပင်ရွှေ့ပြောင်းမစိုက်ခင် ပျိုးပင်တွေရဲ့ထိပ်ကို ဖြတ်ပြီးမှ စိုက်သင့်ပါသည်။
- စိုက်ချိန်နှင့် စိုက်နည်းမှန်အောင် ဂရုပြုပါ။
- ရိတ်သိမ်းသည့်အချိန်မှာ ရိုးပြတ်ထဲတွင်သားလောင်းများပါသွားအောင် မြေကြီးနားမှကပ်ပြီး ရိတ်သင့်ပါသည်။
- ကွင်းပတ်လည်ရှိ ပေါင်းမြက်များကို ရှင်းလင်းပါ။ ရိတ်သိမ်းပြီးနောက် ကွင်းကို ထယ်ထိုးပြီးရေလွှမ်းထားပါ။
- နိုက်ထရိုဂျင်မြေသြဇာကို သတ်မှတ်ထားသည့်နှုန်းထားအတိုင်း ကျွေးပါ။
- ပိုတက်စီယမ်မြေသြဇာကို ကျွေးပေးသင့်ပါသည်။
- ပိုးသတ်ဆေးသုံးမည်ဆိုလျှင် ပင်လုံးပြန့်အာနိသင်ရှိသည့် ပိုးသတ်ဆေးကို ရွေးချယ်သုံးသင့်ပါသည်။








ကိုကြီးနားမကပ်နဲ့ဦးနော်
ဖိုးနံ့လေး သေချာစမ်းသပ်စစ်ဆေးပြီး
အဖြေရှာလိုက်ဦးမယ်
ဟုတ်..ဟုတ်
ဒိုးခပါပဲနော်
ခဏအကြာ
အကြောင်းအရင်းကို သိရပြီ ဖိုးနံ့လေးရေ
ကိုကြီးတို့ဆက်လှုပ်ရှားမယ်
ဟုတ်ကဲ့ ကိုကြီး
ချွတ်!
ဂါး..?
ဂင်း..?
ဂရား..!
လှုပ်ရင်
ဘာမှာနော်
ဟင်းဟင်းး..တွေ့ပြီပေါ့
စပါးဆစ်ပိုးရာ
တီ....
Scanning!!



ရှ!
ဖြန်း!
ရှဲ!
အားး
ဘိုင့်ဘိုင် ချစ်လေးရေ
ကိုမှားခဲ့တာတွေ
ဖွေမယူပါနဲ့ကွာ
ဂွစ်
ကဲ အခြေအနေကို
ကြည့်ရအောင်
အင်း .. ကျွတ်ကျွတ်
ခေါင်းတွေကိုက်လိုက်တာ
ဘယ်တွေရောက်နေတာလဲ
ကဲ
ဟော အသိစိတ်
ပြန်ဝင်လာပြီထင်တယ်
မင်းကိုယ်ထဲစပါးဆစ်ပိုးဝင်ပြီး
အသိစိတ်လွတ်နေခဲ့တာငါတို့
မင်းတစ်ယောက်ထဲကိုပဲလောလောဆယ်
ကယ်လာနိုင်ခဲ့တယ်
ဟာ..ကျွန်တော်တို့
ရွာလေး
အဟင့်...ဟင့်
ရွာကိုအကောင်ကြီးတွေရောက်လာပြီး ဥတွေဥခဲ့တယ်ထင်တယ်။
နောက်ရက်အနည်းငယ်ကြာတော့ ကျွန်တော်တို့တွေ တဖြည်းဖြည်းအသိစိတ်လွတ်လာခဲ့တယ်
မပူပါနဲ့
ငါတို့အားလုံးကို
အတတ်နိုင်ဆုံးရအောင်
ကယ်မှာပါ အရင်ဆုံး
ဘယ်လိုတွေဖြစ်ခဲ့တာလဲ
ဆိုတာရှင်းပြပါဦး
ဥများ
သားလောင်း
ပင်စည်ထဲသို့
ထိုးဖောက်ဝင်ရောက်
ပျက်စီးကာ ပင်စည်ပုပ်(သို့)
အူပုပ်လာ
မပူနဲ့ ကိုစပါးရေ ပြာနီက စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး
ကူညီဖို့ဖန်တီးထားတဲ့စက်ရုပ်လေးပါ.. ပြာနီ့ဆီမှာ
ကယ်တင်ဖို့နဲ့ကာကွယ်ဖို့နည်းလမ်းတွေပါဝင်ပါတယ်
ဟာ..တ..
တကယ်
လားဗျာ
ကိုကြီးပြာနီကို
လျော့မတွက်လိုက်နဲ့နော့
ပိုးသတ်ဆေးဖော်စပ်နည်းကို
ပြာနီ အရင်ရှာလိုက်ဦးမယ်
တီ..တွီ..
ကျေး..ကျေးဇူးပါဗျာ



အချိန်တစ်ခုကြာမြင့်ပြီးတဲ့နောက်မှာတော့
ဟော..တစ်ခုခုတော့ ဖြစ်လာပြီ
100%
ဟေ့လူ..ဟုတ်လုချည်လား
ဝိုး...မိုက်လွန်းသွားပြီ ကိုကြီးပြာနီရေ
ဂျလောက်
ဂျောက်.
ဒီလိုနဲ့ ပြာနီတို့လိုအပ်တဲ့ပြင်ဆင်မှုတွေပြုလုပ်ကြပါတော့တယ်၊ ကိုစပါးဟာလည်း ပြာနီပေးတဲ့ဆေးကြောင့်နလန်ထူလာပြီး...
စပါးဆစ်ငန်ဲတွေ အသေသာမပြီပဲ
တွီ..!
ဗွီ!
ဂျလောက်!
Let's GO!
စပါးဆစ်ပိုးတွေ လာခဲ့စမ်း
တို့စပါးတွေကို ကယ်တင်မယ်
ဂါး..!
ဂရိုး!
ဂရား!
ဂိုး!


ဖြန်း..!
အား..!
ကျူးမီးငါး
ဂိ..ဂစ်...ဂစ်
ဒီဘဝဒီမျှပဲပေါ့လေ
ဂစ်
ဂစ်
အား..
အခြေအနေမဟန်ဘူး
ငါ့ကောင်တို့ရေ
ငါတို့ဂွင်နဲ့ငါတို့
နိုင်နေတာကို
အဖေသွားခေါ် ချလာတယ်
တောက်စ်


မြှတ်!
ပလွတ်!
လစ်ကြမယ်ဟေ့
ငါတို့လည်းငါတို့အဖေနဲ့ ပြန်တိုင်ပြောမယ်ကွာ..ဟင်း
ပြေးပြီဟေ့
ဟိုကောင် အာခြောင်နေပြန်ပြီ ပြေးစရာရှိမပြေးဘူး
ဘာတွေဘယ်လို ဖြစ်နေတာလဲ
နတ်ပြည်များလား
အီး
မင်းလား နတ်ပြည်ရောက်မှာ... ဖွီ
အားပါးပါး.. မူးနောက်နေတာပဲ
အီး..
ဟေ့..ညီကို အဆင်ပြေလား
ဟာ.သားကြီး အေး..အေးကွာ
ဒီလိုနဲ့ပြာနီတို့လည်း အားလုံးရှင်းပြပြီးတဲ့နောက်
ကဲ.. အခုတော့အားလုံး စိတ်မပူပါနဲ့တော့
ကျွန်တော်တို့မှာ ပြာနီကယ်တဲ့အသက်ပဲ ရှိပါတော့တယ်ဗျာ
ကျေးဇူးပါ ကိုပြာနီ နဲ့ စပါးနံ့လေးရေ တကယ်ပါ..
ဟုတ်ပါတယ်ဗျို့
မလိုပါဘူးဗျာ ပြာနီတို့က ကူညီဖို့ အမြဲအဆင်သင့်ပါပဲ


ကဲ ကိုစပါးတို့ကျန်းမာရေးသေချာဂရုစိုက်ကြပါ
နဂိုအကောင်းအတိုင်းတော့ပြန်ဖြစ်ဖို့ အချိန်တစ်ခုပေးရလိမ့်မယ်
အချင်းချင်းရိုင်းပင်းကူညီကြရင်း ပြန်လည်ရှင်သန်ကြပါ
အကူအညီလိုရင် ပြာနီ့ကိုဆက်သွယ်ဖို့
အချက်ပေးကိရိယာလေးပေးခဲ့မယ်
တာ့တာ
တာ့တာ...
ဂရုစိုက်ကြပါ
တစ်နေရာမှာတော့
ခွင့်လွှတ်ပါ
အဖေ
ကျွန်တော်တို့
ညံ့သွားပါတယ်
နောက်တစ်ခါ
မဖြစ်စေရပါဘူး
အဖေ
ဇွိုး...!
ဝုန်း..!
ဟင်း။
ငါနဲ့တွေ့ကြ
သေးတာပေါ့ကွာ
ဆက်ရန်...

**MARLARMYAING**
Public Company Limited

စပါးဆစ်ပိုးများသည် လယ်စပါး၊ ယာစပါး၊ ရေနက်စပါးနှင့် မွေးရန့်ရှိသော စပါးခင်းများတွင်
ကျရောက်လေ့ရှိသလို ပေါင်းပင်များ နှင့်မြက်များကြားတွင်လည်း ကျရောက်တတ်ပါတယ်။
ဒါကြောင့် တောင်သူဦးကြီးတို့အနေဖြင့်
မိုးစပါး၊ နွေစပါး သီးထပ်စိုက်တော့မယ်ဆိုရင်
စပါးခင်းထဲတွင် စပါးဆစ်ပိုး ရှိမရှိ သေချာလေ့လာပြီးမှသာ စိုက်ပျိုးသင့်ပါတယ်။
စိုက်ခင်းများမှာ စပါးဆစ်ပိုးများကိုတွေ့ရှိပါကလည်း
နှိမ်နင်းနိုင်တဲ့နည်းလမ်းတွေ ရှိနေတာကြောင့် အရမ်းကြီး စိုးရိမ်စရာမလိုတော့ပါဘူး။

## “**မာလာမြိုင်**” အမျိုးနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ရရှိနိုင်သော စပါးဆစ်ပိုးကာကွယ်ပိုးသတ်ဆေးများ



**အမ် – ကာဘို ၂၀အီးစီ**

**အမ် – ကားတက် ၅၀%အက်ပီ**

